# သမီးရည်းစားအဘိဓာန်

လူနေ

# LOVER´S DICTIONARY



# အမှာစာ

ပထမတော့ ဒီစာအုပ်ကို Valentine's Day မဟုတ်တဲ့ အခြားနေ့တွေ မှာ ထုတ်မလို့ပါပဲ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် မထုတ် ဖြစ်ပါဘူး။ အဲဒီ ထဲက အချက်တစ်ချက်ကို ပြောရရင် -

Valentine's Day နေ့မှာ အမြင်ကြည်နေတဲ့ စုံတွဲ တွေ ဟာ ကျွန်တော် စာအုပ်ဖတ်လိုက်မှ အမြင်မကြည်တော့ဘဲ 'ဩော်. . . ဒီလိုလား' ဆိုပြီး ဖြစ်သွားမှာ စိုးသော ကြောင့် ပါ။

'ဟာ. . . မင်းစာအုပ်က သမီးရည်းစားတွေ မကောင်းကြောင်း ရေး ထားလို့လား'

'မဟုတ်ပါဘူး၊ အလွဲအချော်လေးတစ်မျိုးနဲ့ ပြုံး စရာလေးတစ်စိတ်တစ်ဒေသကို ရောမွှေ ထားလို့ပါ'

'ဒါများ ကွာ. . . ကြီးကြီးကျယ်ကျယ် ပြောနေရသေးတယ်၊ ဖတ်တော့ရော ဘာ ဖြစ်သွားမှာ မို့ လို့လဲ'

'လိုက်လုပ်နေမှာ စိုးလို့'

'အံ့မယ်. . . အဆန်းပါလား၊ မင်းစာအုပ်မှာ ဘာတွေ ပါလို့လဲ'

'သမီးရည်းစားအချင်းချင်းတွေ ပေးလို့ရတဲ့ Certificate အကြောင်းတွေ ၊ အနောက်နိုင်ငံက ရည်းစားစကားပြောနည်းတွေ ၊ အခြားတိုလီမိုလီအချစ်သတင်းလေးတွေ ပါဗျ'

'ဒါဆို ပျင်းစရာကြီးပေါ့'

'စိတ်ဝင်စားဖွယ်ကောင်းအောင် လုပ်ထားပါတယ်ဗျာ'

'ထားလိုက်ပါတော့၊ ဒါနဲ့. . . စာအုပ်ကို ဘာကြောင့် သမီးရည်းစားအဘိဓာန်လို့ ပေးထားရ တာလဲ'

‘ဩော်. . . ဒါက ဒီလိုရှိပါတယ်’

‘အေး. . . သေသေချာချာရှင်းပြကွာ’

‘အဘိဓာန်ဆိုတာ စကားလုံးလေးတွေ ရဲ့ အဓိပ္ပာယ်ကို ရှင်းပြထားတဲ့ စာအုပ်လေးတစ်အုပ် ပဲလို့ အလွယ်ဆိုပါစို့’

‘အင်း’

‘ဒီတော့. . . ကျွန်တော် ကလည်း အချစ်အကြောင်းကို ဟိုနည်းနည်း ဒီနည်းနည်း လေးစု ထားတဲ့အတွက် ကြီးကြီးကျယ်ကျယ် နာမည် လေးတပ်လိုက်မိတာပါ’

‘ဟာကွာ. . . ရှုတ်လိုက်တာ၊ ကဲ. . . ကဲ၊ ဘယ်မှာလဲ မင်းစာအုပ်’

‘ဒီမှာ ပါ’

‘. . . . . . . .’

‘. . . . . . . .’

‘အံ့မယ်. . . ချစ်သူရှိသော သူများ နှင့် ချစ်သူထားရန် စဉ်းစားနေသော ကောင်လေးနှင့် ကောင်မလေးများ သို့. . . ဆိုပါသလား’

ချစ်သူရှိသော သူများ နှင့် ချစ်သူထားရန် စဉ်းစားနေသော ကောင်လေး၊ ကောင်မလေးများ သို့. . .

# အခန်း(၁)

တစ်ခါတုန်းက ကောင်လေး တစ်ယောက် သည် သူ့ချစ်သူကို စာရေး လိုက်၏ ။ ထိုစာမှာ မိသားစုအကြောင်း၊ ချစ်ကြောင်း၊ ကြိုက်ကြောင်း မပာတ်ဘဲ သူနှင် သူ့ချစ်သူတို့၏ အနမ်း အကြောင်းအား စာရင်းလေးပြုစုထားပုံကို ရေး ထားခြင်း ဖြစ်သည်။

အချစ်ရေ

မနှစ် က ငါတို့ချိန်းတွေ ့တုန်းက မင်းကိုငါ (၃၆၅) ကြိမ်နမ်းဖို့ ကြိုး စားခဲ့ပါတယ်။ ဒါပေမဲ့ (၃၆) ကြိမ်ပဲ ငါအောင်မြင်စွာ နမ်းနိုင်ခဲ့တယ်

အောက်ပါစာရင်းလေးက ငါဘာ့ကြောင့် နမ်းဖို့ မအောင်မြင်ခဲ့တာလဲဆိုတာ စာရင်းပြုစု ထားတာပါ။

- ချိန်းတွေ ့တုန်းက ထီးမပါလို့ဆိုပြီး မင်းငြင်းခဲ့တာ (၁၇) ကြိမ်

- ချိန်းထားတာနောက်ကျလို့ မင်းနမ်းခွင့်မပေးတာ (၁၅) ကြိမ်

- မင်းအိမ်နဲ့ ရန် ဖြစ်လာလို့ဆိုပြီး ငါအခွင့်အရေး တွေ ဆုံးရှုံးခဲ့တာ ( ၅) ကြိမ်

- ရာသီဥတုပူလို့ဆိုပြီး မင်းကိုယပ်ခပ်ပေးနေရတာ နဲ့ မနမ်း ဖြစ်လိုက်တာ (၅၂) ကြိမ်

- ကျူရှင်က စာမရသေးလို့ဆိုပြီး စာထုတ်ကျက်နေလို့ မနမ်း ဖြစ်လိုက်တာ (၁၅) ကြိမ်

- ကိုယ်တို့ရှေ့ကအတွဲ က အရမ်းကဲလို့ဆိုပြီး မင်းကရှက်ရက်နဲ့ မလုပ်ရဘူး၊ မလုပ်ရဘူး ဆိုပြီး ငြင်းဆန်ခဲ့တာ (၄၉) ကြိမ်

- အကြောတက်လို့ နှိပ်ပေးပါဆိုပြီး မနမ်း ဖြစ်ခဲ့တာ ( ၉) ကြိမ်

- ခေါင်းမူးတယ်၊ နေမကောင်းလို့ဆိုပြီး အံကြိတ်ခဲ့ရတာ (၁၆) ကြိမ်

- ဝက်ခြံပေါက်နေတယ်၊ မေ့ပါးကိုကြည့်ပါဦး၊ စိတ်ညစ်လိုက်တာဆုပြီး

ခဏခဏပြော နေတော့ ဝက်ခြံလေးပဲ ကြည့်နေရတဲ့အ ဖြစ် ( ၂) ကြိမ်

- ပတ်ဝန်းကျင်မှာ လူတွေ ရှိလို့ဆိုပြီး မင်းငြင်းဆန်ခဲ့တာ (၁၀) ကြိမ်

- အမေ့အမျိုးတွေ ဒီနားမှာ ရှိတယ်၊ သိပ်မကဲနဲ့ဆိုလို့ သက်ပြင်းချခဲ့ရတာ ( ၆) ကြိမ်

- ခပ်လှမ်းလှမ်းက ထမင်းချိုင့်နဲ့ လူကြီးချောင်းကြည့်နေတယ်ဆိုပြီး ခပ်ရှက်ရှက်နဲ့ နေခဲ့ရတာ (၂၁) ကြိမ်

- စိတ်မပါလို့ မနမ်းချင်ဘူးဆိုလို့ ဟိုလိုလိုဒီလိုလို နေခဲ့ရတာ (၁၇) ကြိမ်

- ဟာသရုပ်ရှင်ကြည့်ပြီး သိပ်ရယ်ရတာ လို့ ခဏခဏလက်တို့ပြီးပြောနေလို့ လိုက်ရယ် နေရတာ နဲ့တင် မနမ်း ဖြစ်လိုက်ရတဲ့အ ဖြစ် ( ၇) ကြိမ်

- နှုတ်ခမ်းမွှေးနဲ့ မုတ်ဆိတ်မွှေး အရမ်းရှည်နေလို့ဆိုပြီး မင်းငြင်းဆန်ခဲ့လို့ နမ်းမလိုလိုနဲ့ မနမ်း ဖြစ်လိုက်တာ ( ၉) ကြိမ်

- မင်းအိမ်ကကြောင်လေး ကားတိုက်ခံရလို့ဆိုပြီး တရှုံ့ရှုံ့ငိုနေတာနဲ့ ပြန်ချော့ခဲ့ရတာ ကြောင့် ( ၄) ကြိမ်

- ဆံပင်အသစ်ညှပ်လာလို့ဆိုပြီး မှန်ခဏခဏထုတ်ကြည့်နေလို့ အလုပ်မ ဖြစ်လိုက်တာ ( ၉) ကြိမ်

- ချိန်းတွေ ့နေတုန်း ဗိုက်နာလာလို့ အိမ်သာလိုက်ရှာနေရတာ နဲ့ မနမ်း ဖြစ်လိုက်တာ ( ၄) ကြိမ်

အဲဒီ တော့ မင်းကိုငါ (၁၆) ကြိမ်ပဲ အောင်အောင်မြင်မြင်နမ်း ဖြစ်လိုက်တယ် ချစ်သူ။

ဒါတော် မှ သိပ်ကျေကျေနပ်နပ်ကြီး မဟုတ်လိုက်ရပါဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ နမ်းခဲ့တဲ့ (၁၆) ကြိမ်မှာ (၆) ကြိမ်က မင်းမျက်နှာကြီးရှုံ့ထားတယ်။ (၈) ကြိမ် ကတော့ မျက်လုံးကြီးဖွင့်ပြီး ဟိုကြည့်ဒီကြည့်နဲ့ လုပ်နေတယ်။ (၁၄) ကြိမ် ကတော့

'ဘယ်လိုမှန်းမသိဘူး၊ ယားကျိကျိနဲ့' လို့ မင်းပြောခဲ့တယ်၊ (၇) ကြိမ် ကတော့ 'ခွိ ခွိ' နဲ့ ရယ်နေတယ်လေ။

သင့်ရဲ့ ချစ်သူ

ထိုအခါ ကောင်မလေးမှာ သူ့ချစ်သူရေး ထားသော စာကိုဖတ်ပြီးနောက် ထိုစာရင်းမှာ မမှန် ကြောင်းတွေ ့ရှိရ၏ ။

ထို့ကြောင့် သူက စာရင်းပြန်လည်ပြုလုပ်ကာ သူ့ချစ်သူထံသို့ စာပြန်ပို့လိုက်၏ ။

အချစ်ဆုံးကိုကိုရေ

ကိုကိုက သိပ်မမှတ်မိတာ ဖြစ်မှာ ပါ။ မေ ကတော့ ကိုကိုဘာ့ကြောင့် မနမ်း ဖြစ်လိုက်တာ အကုန်မှတ်မိနေပါတယ်။

အောက်ပါအချက်အလက်လေးတွေ ကိုကိုဘာကြောင့် မနမ်း ဖြစ်တာလဲဆိုတဲ့ တကယ့် အကြောင်းပြချက်တွေ ပါ ကိုကို. . .။

- နမ်းမလို့ပြင်နေတုန်း ကိုကို့ဟန်းဖုန်းထမြည် တာက (၇) ကြိမ်

- ပန်းခြံပိတ်ချိန်ရောက်သွားလို့ မနမ်း ဖြစ်လိုက်တာ (၂၉) ကြိမ်

- ဘီယာသောက်ထားလို့ မေ့ရင်ဘတ်ပေါ်မှာ မှူးပြီးအိပ်ပျော်သွားတာက (၁၄) ကြိမ်

- မှန့်လာရောင်း တဲ့ ကလေးကို သကြားလုံးလှမ်းဝယ်နေတာနဲ့ မနမ်း ဖြစ်တာက (၂၆) ကြိမ်

- အကြော်ဝယ်စားပြီး ဆီပေနေလို့ သုတ်စရာမရှိတာနဲ့ မနမ်း ဖြစ်တာ (၁၈) ကြိမ်

- ထိုင်စရာနေရာမရှိလို့ ဟိုရှာဒီရှာလျှောက်ရှာရင်းနဲ့ မနမ်းလိုက်ရတာ (၉) ကြိမ်

- ကိုကိုကဗျာရွတ်နေတာနဲ့ မနမ်း ဖြစ်တာ (၄၉) ကြိမ်

- ကိုက အခြားလူတွေ ကို မှန်ဘီလူးနဲ့လိုက်ချောင်းနေလို့ အချိန်ကုန်သွားတာ (၂၁) ကြိမ်

- သစ်ရွက်ကြွေတာကို ကြည့်ပြီး 'အချစ်ရေ ကြည့်နူးဖို့ကောင်းလိုက်တာ' လို့ ခဏခဏ ပြောပြီး ရွှန်းရွှန်းစားစားစိုက်ကြည့်နေယုံနဲ့ ပြန်ဖို့အချိန်ရောက်သွားတာ ( ၄) ကြိမ်

- နမ်းမလို့လုပ်နေတုန်း သစ်ပင်ပေါ်က အကောင်တစ်ကောင်ပြုတ်ကျလို့ ကိုကိုလန့်ပြီး မေ့သွားတာ ( ၆) ကြိမ်

- မေ့ကို မျက်လှည့်ပြမယ်ဆိုပြီး တစ်ခုပြီးတစ်ခု လုပ်ပြနေရတာ နဲ့တင် အချိန်ကုန်သွား တာ (၁၄) ကြိမ်

- နမ်းမလိုလိုလုပ်လိုက်၊ မေ့ပါးလေးပွတ်လိုက်၊ နမ်းမလိုလိုလုပ်လိုက်၊ မေ့ပါးလေး ပွတ် လိုက်နဲ့ မေအိပ်ပျော်သွားတာ ( ၉) ကြိမ်

- ဘာမှ အရေမရ အဖတ်မရတွေ ကို ကိုကိုပြောနေလို့ မနမ်း ဖြစ်လိုက်တာ ( ၉) ကြိမ်

- ရေသောက်လိုက်၊ ပြီးတော့ အပေ့ါသွားလိုက်ဦးမယ် လုပ်လိုက်နဲ့ ကျွန်မကို ထားခဲ့ ပြီးထွက်သွားတာ (၂၅) ကြိမ်

ကိုကိုပြောတဲ့ (၃၆) ကြိမ်မှာ ဆိုတဲ့ ကိစ္စမှာ (၆) ကြိမ်က မျက်နှာကြီးရှုံ့မဲ့ထားတာ မဟုတ် ပါဘူး။ ကိုကိုက မေ့ခြေထောက်ကို တက်နင်းထားလို့ပါ။

(၈) ကြိမ်က တခြားလူတွေ ချောင်းကြည့်တာကို လှမ်းမြင်လိုက်လို့ပါ။ (၁၄) ကြိမ်က ကိုကို့ နှုတ်ခမ်းမွှေးက ယားတာကိုး။ (၇) ကြိမ် ကတော့ ကိုကို့လက်က မေ့ခါးကိုလာလာတို့တာကိုး။ ယား လို့ပေ့ါလို့။

ကိုကို့ အချစ်ဆုံး

ကဲ. . . ကဲ မိတ်ဆွေရေ၊

သင်လည်း သင့်ချစ်သူကို နမ်းတဲ့အကြိမ်အရေအတွက်

စာရင်းပြုစုထားမယ်ဆိုရင်

ဒီလိုမျိုး ပြန်ပြောလို့ရတာ ပေါ့. . .

ဘယ့်နှယ့်လဲ။